ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာ၏ ပင်လုံစာချုပ်ချုပ်ဆိုခြင်းနေ့ (၇၆) နှစ်မြောက် မိန့်ခွန်း။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်

ပင်လုံစာချုပ် ချုပ်ဆိုသောနေ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မြန်မာ့သမိုင်းကို ပြောင်းလဲစေသော နေ့ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အရေးကြီးသော စာချုပ်ဖြစ်သည့် ပင်လုံစာချုပ်ကို လွန်ခဲ့သော (၇၆)နှစ်အတွင်းမှာ အကောင်အထည်ဖော်ခဲ့လျှင် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သော ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းအားလုံးသည် ယနေ့ကမ္ဘာမှာ ထိပ်တန်းဒေသများဖြစ်လာသော ဟောင်ကောင် (Hongkong)နှင့် စင်ကာပူ (Singapore) ကဲ့သို့ ဖြစ်လာမည်ကို တွေ့မြင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဟောင်ကောင် (Hongkong)သည် ဗြိတိသျှ (British)အုပ်ချုပ်ရေးအောက်တွင် နှစ်ပေါင်းများစွာ နေလာခဲ့ပြီး One Country Two Systems (တစ်နိုင်ငံ စနစ်နှစ်ခု)ဖြင့် ကမ္ဘာ့အလယ်မှာ အချမ်းသာဆုံးဒေသများတွင် ပါဝင်လာခဲ့သည်။

ယနေ့ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံတစ်ခုဖြစ်လာသော စင်ကာပူနိုင်ငံ (Singapore)သည်လည်း ဗြိတိသျှ(British) လက်အောက်မှာ နှစ်ပေါင်းများစွာနေလာခဲ့ပြီး (၁၉၆၅) ခုနှစ်တွင် မလေးရှားနိုင်ငံ(Malaysia) မှနေ၍ သီးခြားနိုင်ငံတစ်ခုအဖြစ် ခွဲထုတ်ခဲ့သည်။ နယ်မြေဒေသ အကျယ်အဝန်းအားဖြင့်ပြောရလျှင် ပင်လုံစာချုပ် ချုပ်ဆိုသော ချင်းပြည်နယ်သည် စင်ကာပူထက် အဆပေါင်း (၅၀)မျှကျယ်ဝန်းပြီး၊ ကချင်ပြည်နယ်သည် စင်ကာပူထက် အဆပေါင်း (၁၂၂)ဆ၊ ရှမ်းပြည်နယ်သည် စင်ကာပူထက် အဆပေါင်း (၂၁၄) ဆမျှ နယ်မြေဒေသ ကျယ်ဝန်းပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၇၆) နှစ်ကိုကြည့်လျှင် ဟောင်ကောင်နှင့် စင်ကာပူတို့သည် ပင်လုံစာချုပ်ချုပ်ဆိုသော ချင်း၊ ကချင်၊ ရှမ်းတို့နှင့် နိုင်ငံရေးအရ အခွင့်အရေးနှင့် ကံကြမ္မာများ မကွာခြားသည်ကို တွေ့မြင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

သို့သော် အာဏာရှင်များ၏ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် အကြမ်းဖက်ခြင်းအမျိုးမျိုးတို့ကြောင့် (၇၆) နှစ်အတွင်း ပင်လုံစာချုပ်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ပြီး၊ (၇၆) နှစ်အတွင်း ပြည်သူလူထုများသွေးထွက်သံယိုဖြစ်၍ မရေတွက်နိုင်သော ပြည်သူတို့၏ အသက်အိုးအိမ်ပေါင်းများစွာ ဆုံးရှုံးနစ်နာခြင်းကိုသာ တွေ့မြင်ခဲ့ရပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်ချုပ်ဆိုသော ချင်း၊ ကချင်၊ ရှမ်းနှင့် အတူ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း တို့သည် ကိုယ့်ကံကြမ္မာ ကိုယ့်ဖန်တီးပြီး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့အတူ ဟောင်ကောင်ကဲ့သို့

ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင်များဖြစ်လာရမည့်အစား ကမ္ဘာ့အလယ်မှာ အဆင်းရဲဆုံး ပြည်နယ်နှင့်တိုင်းများ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည်လည်း စင်ကာပူနိုင်ငံ (Singapore) ကဲ့သို့ ကမ္ဘာ့အလယ်မှာ အချမ်းသာဆုံး နိုင်ငံဖြစ်လာရမည့်အစား ကမ္ဘာ့အလယ်မှာ အဆင်းရဲဆုံးနိုင်ငံအဖြစ် ကျဆင်းသွားပါသည်။ တချိန်က စင်ကာပူသည် မြို့နိုင်ငံအဖြစ် ရပ်တည်ခါစတွင် မြန်မာနိုင်ငံကို အားကျအတုယူခဲ့သည့် နိုင်ငံဖြစ်သည်ကိုလည်း သတိထားကြ လိမ့်မည်ဟု မျှော်လင့်ပါသည်။ ၁၉၇၁ ခုနှစ်တွင် လွတ်လပ်သော နိုင်ငံဖြစ်လာသည့် အိမ်နီးနားချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ (Bangladesh) သည်လည်း မြန်မာနိုင်ငံထက် များစွာ ရှေ့ရောက်နှင့် နေပြီကို တွေ့မြင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ပင်လုံစာချုပ်သည် ဖက်ဒရယ် ဒီမိုကရေစီ စာချုပ်ဖြစ်သော်ငြားလည်းပဲ ခေတ်အဆက်ဆက် အာဏာရှင်များသည် ၎င်းဖက်ဒရယ်ဒီမိုကရေစီစာချုပ်ကို လုံးဝအကောင်အထည်ဖော်လို့မရအောင် (၇၆)နှစ်အတွင်း ဖက်ဒရယ်ဒီမိုကရေစီကို တိုက်ရိုက်တိုက်ခိုက်ဖျက်ဆီးသည်သာမက စစ်လက်နက်များကို အသုံးပြုပြီး မြန်မာနိုင်ငံကို အဆင်းရဲဆုံးနိုင်ငံဖြစ်သွားအောင် ရက်စက်ကြမ်းကြုတ်သော စစ်အာဏာရှင်စနစ်အောက် အတင်းအဓမ္မ အကောင်အထည်ဖော် အသက်သွင်းလာခဲ့ပါသည်။ ပင်လုံစာချုပ်သည် ကိုယ့်ကံကြမ္မာ ကိုယ့်ဖန်တီးရေး စာချုပ်ဖြစ်သော်ငြားလည်းပဲ အကြမ်းဖက်စစ်အာဏာရှင်များသည် တိုင်းရင်းသားပြည်သူလူထုများ၏ ကိုလိုနီခေတ်မတိုင်ခင် ရာစုနှစ်ပေါင်းများစွာက ရှိနှင့်လာခဲ့သော ကိုယ့်ကံကြမ္မာ ကိုယ့်ဖန်တီးမှုကို စစ်လက်နက်များ အသုံးပြု၍ တားဆီးလာခဲ့သည်မှာ လူမျိုးတုံးရာဇဝတ်မှုများအထိ ကျူးလွန်ခဲ့ရာ အခုဆိုရင် ICJ၊ ICC အထိ စစ်ရာဇဝတ်မှုများ ရင်ဆိုင်နေရပြီဖြစ်ပါသည်။

ပင်လုံစာချုပ်သည် နိုင်ငံရေးအရ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံပေးသော စာချုပ်ချုပ်ဆိုခြင်းဖြစ်သော်ငြားလည်းပဲ ခေတ်အဆက်ဆက် စစ်အာဏာရှင်များသည် ၎င်းကိုယ်ပိုင်ပြဌာန်းခွင့်ကို ကာကွယ်စောင့်ရှောက်ပြီး အကောင်အထည်ဖော်မည့်အစား တိုင်းရင်းသားများတွင် ရာစုနှစ်ပေါင်းများစွာရှိနှင့်ပြီးသော ကိုယ်ပိုင်ပြဌာန်းခွင့်များကိုပါ စစ်လက်နက်ဖြင့် တိုက်ခိုက်သိမ်းယူပြီး စော်ဘွားများမှတဆင့် နိုင်ငံရေးအရ ကိုယ်ပိုင်ပြဌာန်းခွင့်အားလုံးကို ဖျက်ဆီးသွားသည်မှာလည်း မြန်မာ့သမိုင်းမှာ အမဲစက်ကြီးအဖြစ် သမိုင်းတွင် ကျန်ရစ်ခဲ့ပါသည်။

ပင်လုံစာချုပ်သည် လူမျိုး၊ ဘာသာ၊ တိုင်းရင်းသားမရွေး သာတူညီမျှရေးကို အာမခံပေးသော စာချုပ်ကြီးဖြစ်သော်ငြားလည်းပဲ ရက်စက်ကြမ်းကြုတ်သော အာဏာရှင်များသည် မြန်မာနိုင်ငံ၏ သယံဇာတ ချမ်းသာ

ကြွယ်ဝမှုများကို လူမျိုး၊ ဘာသာ၊ တိုင်းရင်းသားမရွေး ညီတူညီမျှ ပြည်သူလူထုများ၏ အသက်အိုးအိမ်နှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြန့်ဝေသုံးစွဲရမည့်အစား မြန်မာနိုင်ငံ၏ ချမ်းသာကြွယ်ဝမှုများကို ဆယ်စုနှစ်ပေါင်းများစွာ အတင်းအဓမ္မခိုးယူပြီး၊ လူထုကို အစုလိုက်အပြုံလိုက် သေစေနိုင်သော စစ်လက်နက် အမြောက်အမြားကို ရုရှား (Russia) နှင့်တရုတ်(China) တို့ထံမှ ဝယ်ယူကာ ပြည်သူလူထုကို စစ်ကြေညာပြီး (၂၀၂၁) ခုနှစ်တွင် လူထုအာဏာကို မတရားသိမ်းယူသည်အထိ ဖြစ်လာခဲ့ပါသည်။

ယူကရိန်း (Ukraine)အရေးနှင့် မြန်မာ့အရေးသည် ဒီမိုကရေစီအရေး သဘောတရားအားဖြင့် အားလုံးတူညီ နေပြီး ကမ္ဘာ့အလယ်မှာ မြန်မာ့အရေးသည်အာရှတိုက်အတွက် ယူကရိန်း (Ukraine) အရေးနှင့် ညီမျှနေသည်။ ယူကရိန်း (Ukraine) ပြည်သူလူထုရင်ဆိုင်နေသော နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းနှင့် မြန်မာပြည်သူလူထု ရင်ဆိုင်နေသော နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းသည်လည်း တူညီလျက်ရှိသည်။ ယူကရိန်း (Ukriane) ပြည်သူလူထုများသည် ရုရှား(Russia) စစ်လက်နက်ကို လွန်ခဲ့သော ၁၂ လအတွင်း ရင်ဆိုင်ခဲ့ရသလို မြန်မာ ပြည်သူလူထုသည်လည်း လွန်ခဲ့သော ၂၄ လအတွင်း ရုရှား(Russia) စစ်လက်နက်များဖြစ်သော လေကြောင်း ဗုံးကြဲတိုက်ခိုက်ခြင်းများကို ရင်ဆိုင်ခဲ့ရပါသည်။

ထို့ကြောင့် International Community (အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ) အထူးသဖြင့် ASEAN နှင့် သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံများ အနေဖြင့် မြန်မာ့အရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုသည့် နည်းဗျူဟာသည် နိုင်ငံတကာက ယူကရိန်း (Ukraine) အရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုသော နည်းဗျူဟာများနှင့် မူအားဖြင့် သော်လည်းကောင်း၊ လုပ်ငန်းများ အရေးယူ အကောင်အထည်ဖော်ခြင်းအား ဖြင့် သော်လည်းကောင်း လိုက်လျောညီထွေမှုရှိရန် အလွန်အရေးကြီးလှပါသည်။ ယူကရိန်း (Ukraine) နိုင်ငံ၏ အရေးနှင့် မြန်မာနိုင်ငံ၏ အရေးသည် လူသား အရေးနှင့် ဒီမိုကရေစီ အရေးဖြစ်သောကြောင့် ညီမျှနေသည်ကို လည်း International Community (အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ)အနေဖြင့် ပြတ်ပြတ်သားသား အသိအမှတ်ပြုပြီး မြန်မာပြည်သူလူထု နှင့် ယူကရိန်း (Ukriane) ပြည်သူလူထုအတွက် ထပ်တူထပ်မျှ အတူတကွရပ်တည်ရန် အချိန်တန်ပြီဖြစ်သည်။

အမှန်စင်စစ်အားဖြင့် မြန်မာ့နွေဦးတော်လှန်ရေးသည် (၇၆)နှစ်အတွင်း မြန်မာပြည်သူလူထုက စစ်အာဏာရှင် များ၏ ရက်စက်ကြမ်းကြုတ်ခြင်းအောက်မှာ အသက်အိုးအိမ် ဆုံးရှုံးနစ်နာခဲ့ရခြင်းများ၊ ဘဝပေါင်းများစွာ ထိခိုက်နစ်နာရခြင်းများကို နိဂုံးချုပ်မည့် တော်လှန်ရေးဖြစ်သလို (၇၆) နှစ်အတွင်း အကောင်အထည် မဖော်နိုင်

ခဲ့သော ပင်လုံစာချုပ်ကြီးကိုလည်း အကောင်အထည်ဖော်ပေးနိုင်မည့် နောက်ဆုံးတော်လှန်ရေးလည်း ဖြစ်ပါသည်။ (၇၆)နှစ်အတွင်း မရရှိခဲ့သော ပြည်သူလူထု၏ အောင်ပွဲနေ့သည် မဝေးတော့တဲ့အနာဂတ်မှာ မြန်မာပြည်သူလူထုအားလုံးကို စောင့်မျှော်နေပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူလူထုများ (၇၆)နှစ်အတွင်း ခံစားရသော ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း အမှောင်ထုကြီးသည်လည်း မြန်မာ့မြေပြင်ပေါ်မှ ပျောက်ကွယ်သွားမည့်နေ့သည် မနီးမဝေးတွင် ရှိနေပြီဖြစ်သည်။

အရေးတော်ပုံ အောင်ရမည်။

May God Bless Myanmar!

ဒေါက်တာဆာဆာ
ပြည်ထောင်စု ဝန်ကြီး
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေး အစိုးရ
ပြည်ထောင်စု မြန်မာနိုင်ငံတော်